## တိုင်းရင်းဆေးဖုံများနှင့် ကုထုံးနည်းအသစ်များ ပေါ်ပေါက်လာစေရေးအတွက် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရန်

## <u>အဆို</u>ပြုချက်

(၁၉) ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ တက်ရောက်လာကြပါသော သဘာပတိနဲ့တကွ ညီလာခံ ကိုယ်စားလှယ် တော်များ၊ ဖိတ်ကြားထားသော ပညာရှင်များ၊ ခန်းမဝင် ဧည့်ပရိတ်သတ်များ အားလုံး မင်္ဂလာပါ ခင်ဗျာ/ရှင့်...

ကျွန်တော်/ကျွန်မကတော့ ------------------------------------------ ညီလာခံကိုယ်စားလှယ် အဖြစ်တက်ရောက်လာတဲ့ ----------------- ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်/ကျွန်မတင်သွင်းမယ့် အဆိုကတော့ တိုင်းရင်းဆေးဖုံများနှင့် ကုထုံးနည်းအသစ်များ ပေါ်ပေါက်လာစေရေးအတွက် တိုင်းရင်း ဆေးသုတေသနလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရန် အဆိုပဲ ဖြစ်ပါတယ်ခင်ဗျာ/ ရှင်...

**လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိ အဖွဲ့ဝင်များ ခင်ဗျား/ရှင့်။** မြန်မာ့ တိုင်းရင်း ဆေးပညာဟာ တကောင်းခေတ်မှသည်ပုဂံ၊ အင်းဝ၊ ပင်းယစတဲ့ခေတ်အဆက်ဆက်မှစပြီးတော့ ပြည်သူ လူထုရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ကြပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အဆိုအရ ကမ္ဘာ့နိုင်ငံ အသီးသီးမှာရှိတဲ့ ပြည်သူလူထုအများစုဟာ ၎င်းတို့ နိုင်ငံလူမျိုးအသီးသီးတို့ရဲ့ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ခံယူကြတာကို တွေ့ရပါတယ်။ အလားတူ မြန်မာ့ပြည်သူလူထုရဲ့ ၇၀% သော ကျေးလက်နေပြည်သူအများစုဟာ တိုင်းရင်းဆေးဖြင့် ကျန်းမာရေး

စောင့်ရှောက်မှု ခံယူနေကြတာကို တွေ့ရပါတယ်။ အမှန်တကယ် ဆေးအာနိသင် ထိရောက်သောကြောင့်လည်း ယနေ့အချိန်ထိ လက်ခံ သုံးစွဲနေကြတာ ဖြစ်ပါတယ်။

ဆက်လက်ပြီး တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကာလတို၊ ကာလရှည် ရည်မှန်းချက်တွေနဲ့ ဆောင်ရွက်ကြတဲ့နေရာမှာ ရှေးယခင်ကပင် အသုံးပြုခဲ့တဲ့ ရှေးဟောင်းဆေးကျမ်းမှ တိုင်းရင်းဆေးဝါး၊ ဆေးဖုံတွေနဲ့ သမားစဉ်ကုထုံးနည်းစနစ်တွေ မပျောက်ပျက်အောင် ထိန်းသိမ်းပြီး၊ လက်တွေ့ အသုံးပြုကုသနေသော အစွမ်းထက်တိုင်းရင်းဆေးဝါးများမှလည်းကောင်း၊ တိုင်းရင်းဆေး ပညာဦးစီးဌာအပါအဝင် ပညာရပ်နယ်ပယ် အသီးသီးမှ ပြုလုပ်ထားသော တိုင်းရင်းဆေးသုတေသနများ၊ သုတေသနပြုပြီးစာတမ်းများ၊ ကုထုံးနည်းစနစ်အသစ်များမှလည်းကောင်း မှီငြမ်း၍ ပိုမိုအစွမ်းထက်သော ကုထုံးနည်းစနစ်အသစ်များ၊ အာနိသင်ကောင်းမွန်သောဆေးဝါး၊ ဆေးဖုံ အသစ်များဖော်ထုတ်ရန်အတွက် လိုအပ်လာပြီဖြစ်ပါသည်။ ဒ့ါအပြင် ခေတ်ကာလ အလိုက် လိုအပ်လျက်ရှိသော ရောဂါအသစ် အဆန်းများ အတွက်လည်း အစွမ်းထက်ထိရောက်သော ဆေးဖုံများနှင့် ကုထုံးအသစ်များ ပေါ်ပေါက်လာစေရန် လွန်စွာလိုအပ်လှပါတယ်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် အတွက် တိုင်းရင်းဆေး သုတေသနလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

တိုင်းရင်းဆေးသုတေသနများပြုလုပ်ရခြင်းမှာ ယခုထက် အကျိုးအာနိသင် ပိုမိုအစွမ်းထက်သော ဆေးဖုံအသစ်များ ထွက်ပေါ်လာစေရန်၊ ရောဂါအလိုက် သီးသန့်ဆေးဖုံများပေါ်ပေါက်စေရန်၊ ဆေးဖုံများတွင်အသုံးပြုသော အချို့

ရှားပါးဆေးပစ္စည်းများအစား အလွယ်တကူရရှိနိုင်မည့် အာနိသင်တူညီ နိုင်သော ဆေးပစ္စည်းများဖြင့် အစားထိုးအသုံးပြုနိုင်စေရန်၊ အထောက်အထား ခိုင်လုံမှု ရရှိစေရန်၊ ဆေး၏ ဘေးထွက်ဆိုးကျိုးများကို လျှော့ချရန်၊ ယခုထက်ပိုပြီး လူအများ လက်ခံယုံကြည် သုံးစွဲလာစေရန်စသော ကောင်းကျိုးများရရန် တို့အတွက် ရည်ရွယ်ပါတယ်။

**သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျာ/ရှင့်** တိုင်းရင်းဆေးပညာရှင်များအနေဖြင့် ရောဂါသိမှု၊ ဆေးဝါးသိမှုနှင့် ကုထုံး သိမှု ဟူသော သိမှု(၃)သွယ်ကို ကျွမ်းကျင်ပိုင်နိုင်ရမည်ဖြစ်ပါတယ်။ ဒီလိုကျွမ်းကျင် ပိုင်နိုင်ဖို့ဆိုရင် တိုင်းရင်းဆေးနှင့်ပတ်သက်သော **(၁) ဆေးဝါး သုတေသန၊ (၂) ကုထုံးသုတေသနနှင့် (၃) ကျန်းမာရေးစနစ်သုတေသနဆိုတဲ့ နယ်ပယ် (၃) ခုကို** အဓိကထား ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

(၁) **တိုင်းရင်းဆေးဆေးဝါးသုတေသန**တွေ ပြုလုပ်ဖို့ဖြစ်ပါတယ်။ ဒီမှာ ဆိုရင် တိုင်းရင်းဆေးဝါး ဖေါ်စပ်ရာမှာအသုံးပြုတဲ့ဆေးပင်၊ ဆေးပစ္စည်းတွေရဲ့ အရည်အသွေးဆိုင်ရာသုတေသန၊ တိုင်းရင်းဆေးဝါးများ၏ အန္တရာယ် ကင်းရှင်းမှုဆိုင်ရာ သုတေသနနှင့် အစွမ်းထက်မြတ်မှုအာနိသင်ဆိုင်ရာ သုတေသန စသည်တို့ပါဝင်ပါတယ်။ **(၂) တိုင်းရင်းဆေးကုထုံးသုတေသန** ဖြစ်ပါ တယ်။ ဒီနေရာမှာ ရောဂါစမ်းသပ်ရှာဖွေဖေါ်ထုတ်မှုဆိုင်ရာနည်းစနစ်နှင့် ရောဂါ အား သက်သာပျောက်ကင်းစေရန် ကုသမှု ပေးသည့် ကုထုံးကုကွက်နည်း စနစ်ဆိုင်ရာ သုတေသနများကို ဆောင်ရွက်ရမှာပဲဖြစ်ပါတယ်။ **(၃) တိုင်းရင်း ဆေးဆိုင်ရာ ကျန်းမာရေးစနစ်သုတေသန** ဖြစ်ပါတယ်။ ဒီမှာတော့ နိုင်ငံ အသီးသီး၊ ဒေသအသီးသီးအလိုက် တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေး

စောင့်ရှောက်မှုစနစ်အသီးသီး၏ အားနည်းချက်၊ အားသာချက်များကို စနစ်တကျ သုတေသနပြုလေ့လာရမှာဖြစ်ပါတယ်။

**တိုင်းရင်းဆေးသုတေသနလုပ်ငန်းနဲ့ပတ်သက်၍** ကမ္ဘာ့နိုင်ငံအသီးသီးမှ ဆောင်ရွက်နေမှုများ ကိုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ လုပ်ငန်းလမ်းညွှန်များချမှတ်၍ အသိအမှတ်ပြု ထောက်ခံအားပေးလျက်ရှိသည်ကို တွေ့မြင် နေကြရမှာဖြစ်ပါတယ်။

**တိုင်းရင်းဆေးသုတေသန** ဆောင်ရွက်ရာမှာ အထက်က ဆိုခဲ့ပြီးသည့်အတိုင်း အန္တရာယ်ကင်းရှင်းမှု(Safety)၊ အာနိသင်(Efficacy)၊ အရည်အသွေးစိစစ်ခြင်း(Quality) ဟူ၍ ကဏ္ဍ (၃) ခုကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ မည်သည့် သုတေသနပဲလုပ်လုပ် သုတေသနအဆင့်အလိုက် သုတေသနကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်နိုင်ရန်အလို့ငှာ သက်ဆိုင်ရာသုတေသနကျင့်ဝတ် ကော်မတီ (Ethical Review Committee) ရဲ့ ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်နိုင်ရန် သုတေသနစီမံချက်ကို ကြိုတင်ရေးဆွဲ တင်ပြရမှာဖြစ်ပါတယ်။

**သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျာ/ရှင့်** အထက်က ပြောခဲ့တာတွေက သုတေသနလုပ်ငန်းစဉ်ကြီးတစ်ခုလုံးရဲ့ အဆင့်တွေပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်/ကျွန်မတို့အနေနဲ့ ဖြစ်နိုင်ချေရှိပြီး မိမိတို့အတိုင်းအတာအနေဖြင့် လုပ်နိုင်သော တကယ် အသုံးကျလိုအပ်တာတွေကို စိစစ်ရွေးချယ် သုတေသနပြုနိုင်မှသာ ထိရောက်တဲ့ အကျိုးရလဒ်တွေ ရရှိ လာမှာဖြစ်ပါတယ်။ သုတေသနပြုရာမှာ လူသားအရင်းအမြစ်၊ စက်ပစ္စည်း၊

နည်းပညာ၊ ကုန်ကြမ်း ပစ္စည်း၊ ရန်ပုံငွေလုံလောက်မှုရှိ၊ မရှိကိုလည်း စိစစ်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းရင်းဆေးဆရာကြီးတွေရဲ့ ခေတ်အဆက်ဆက် သုံးစွဲလာသော ဆေးနည်းတွေကို စနစ်တကျဖော်ထုတ် သုတေသနပြုရာမှာလည်း တိုင်းရင်းဆေးပညာအယူအဆဖြင့် စိစစ်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ မူပိုင်ခွင့်နှင့် ရပိုင်ခွင့်အကျိုးကျေးဇူးများကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါတယ်။ ဒါတွေအပြင် အသုံးပြုနေသော တိုင်းရင်းဆေးဝါးများ၊ ကုထုံးနည်းစနစ်များနဲ့ပတ်သက်၍ လက်တွေ့အသုံးပြုနေမှုကို စနစ်တကျပြုစုထားသော မှတ်တမ်းတွေကိုပါစိစစ်ရပါမယ်။

**သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျာ/ ရှင့်**

.မူရင်းဆေးဖုံများအား အကျိုးအာနိသင် ပိုမိုထက်မြက်စေရန် ရေလဲများနှင့် တွဲဖက်ပေးကျွေး ကုသခဲ့ကြောင်းကိုလည်း ရှေးဟောင်းဆေးကျမ်းများ၌ ပြဆိုထားပြီးဖြစ်သဖြင့် တိုင်းရင်းဆေးပညာရှင်များအနေဖြင့် လက်တွေ့နယ်ပယ်တွင် ဆေးဖုံများနှင့်အတူ တွဲဖက်တိုက်ကျွေးမည့် ရေလဲများအား ထိရောက်စွာသုံးစွဲကုသနိုင် စေရန်အတွက် သုတေသနပြုရန်မှာလည်း အရေးကြီးတဲ့ ကဏ္ဍတစ်ခုဖြစ်ပါတယ်။

**သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျာ/ ရှင့်** .

တိုင်းရင်းဆေး ပညာဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရန်ဟု ဆိုရာ၌ အခြေခံသုတေသနမှ အသုံးချသုတေသနအဆင့်အထိ သွားနိုင်ရန်လည်း လိုအပ်ပါတယ်။ ပြုလုပ်ခဲ့ပြီးသော သုတေသနရလဒ်များမှာ လက်တွေ့နယ်ပယ်တွင် အသုံးပြုနိုင်ရန် ရလဒ်ကောင်းသော သုတေသနများကို အကောင်အထည်ဖော်ခြင်းဆိုင်ရာ

သုတေသနများ အနေဖြင့် ဆက်လက်ဖော်ဆောင်ရန် လိုအပ်ပါတယ်။ ယခုဆိုရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အကောင်အထည် ဖော်ခြင်းဆိုင်ရာ သုတေသနများဆောင်ရွက်ရန် သုတေသနရန်ပုံငွေများ သီးခြားချထားပေးနေတယ်လို့ သိရှိရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် ပြည်သူ့လူထုအနေဖြင့် အမှန်တကယ် ကြုံတွေ့နေရသော အားနည်းချက်၊ အားသာချက်များနှင့် ပတ်သက်၍ အခြေအနေမှန်ကိုသိရှိစေရန် တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ ကျန်းမာရေးစနစ်သုတေသနများကိုလည်း စနစ်တကျ ပြုလုပ်သင့်ပါတယ်။

**သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျာ/** ရှင့် တိုင်းရင်းဆေး ကုထုံးများအား အထောက်အထားခိုင်လုံစွာဖြင့် ထိရောက်စွာအသုံးချနိုင်ရေး ဆောင်ရွက်ရန်မှာလည်း အရေးကြီးတဲ့ကဏ္ဍတစ်ခုဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးစုအသီးသီး၊ ဒေသအသီးသီးမှာ ကောင်းမွန်သောကုထုံးများရှိနေနိုင်တာဖြစ်တဲ့အတွက် အဆိုပါကုထုံးများကိုလည်း အသိအမှတ်ပြု၍ မှတ်တမ်းများပြုစုပြီး ဖော်ထုတ်သုတေသနပြုလုပ်သင့်ပါတယ်။ ကုထုံးနည်းစနစ်များဟုဆိုရာတွင် အကြောအရိုးအဆစ်ကုသမှုဆိုင်ရာပညာရပ်၊ ကလေးသူငယ်နာရောဂါပညာရပ်၊ အနာပေါက်ကုသမှု ပညာရပ်၊ မီးယပ်ရောဂါပညာရပ်နှင့် အထွေထွေဆေးပညာရပ်ဆိုပြီး ရောဂါတစ်ခုချင်းစီအလိုက် သီးသန့်ကုထုံးနည်းစနစ်များရှိပါတယ်။ ရောဂါအလိုက်ကုသတဲ့ ကုထုံးနည်းစနစ်တွေရှိပေမဲ့ ဆေးဆရာရဲ့အတွေ့အကြုံနဲ့ လူနာချဉ်းကပ်ပုံ ပေါ်မူတည်ပြီး ကုသပုံကွဲပြားနိုင်ပါတယ်။ ဒါပေမယ့် အခြေခံတော့ အားလုံးတူညီကြပါတယ်။

တချို့ တိုင်းရင်းဆေးသမားတော်ကြီးများ အသုံးပြုကုသ နေသောကုထုံးများ၊ မိမိတို့ဒေသအသီးသီးမှာ အောင်မြင်လျှက်ရှိတဲ့ လူမျိုးစုဆိုင်ရာ ဆေးနည်း၊ ကုထုံးကုကွက်တွေကို အသိအမှတ်ပြု၍ မှတ်တမ်းများပြုစုပြီး သုတေသနပြု ရှာဖွေဖော်ထုတ်ခြင်းဖြင့် အစွမ်းထက်မြက်တဲ့ အထောက်အထားအခြေပြု ကုထုံးအသစ်တွေရရှိလာမှာဖြစ်ပါတယ်။ ဒီဆေးနည်းတွေ၊ ကုထုံးတွေကို ရှာဖွေဖော်ထုတ်မယ်၊ မျိုးဆက်သစ် တိုင်းရင်းဆေးပညာရှင်တွေကို လက်ဆင့်ကမ်းမယ်၊ စနစ်တကျသုတေသနပြုမယ်ဆိုရင် ဒါဟာလည်းပဲ မိမိတို့ရဲ့ တိမ်မြုပ်ပျောက်ကွယ်နေတဲ့ အဖိုးတန် ကုထုံး၊ ကုကွက်တွေကို ပြန်လည် အသက်ဝင်လာအောင် ဖော်ထုတ်ခြင်းတစ်မျိုးဖြစ်ပါတယ်။ တိုင်းရင်း ဆေးဝါးများ၊ ကုထုံးများကို နည်းစနစ်မှန်ကန်စွာနဲ့ စနစ်တကျပြုလုပ် ဆောင်ရွက်မယ်ဆိုရင် သိပ္ပံနည်းကျသည်သာမက အချိန်နှင့်ငွေကုန်သက်သာစေပြီး ထိရောက်မှု များစွာရှိနိုင်ပါတယ်။ ဒါကြောင့် အတတ်နိုင်ဆုံး စနစ်တကျ သုတေသနပြုလုပ်ပြီး သက်သေပြနိုင်ဖို့နဲ့ စံနှုန်းတွေထားနိုင်ဖို့ ကြိုးစားရပါမယ်။

တိုင်းရင်းဆေးကျမ်းလာကုထုံးစနစ်များကို ရောဂါအလိုက် သုတေသန များ ပြုလုပ်၍ ကောင်းမွန်စွာအသုံးချနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ မွမ်းမံသင်တန်းများ၊ စီစဉ်၍သင်ကြားပေးခြင်း၊ အဆိုပါကျမ်းကြီး များမှ ထိရောက်သော ကုထုံးစနစ်များကို အနှစ်ချုပ်၍ ပုံနှိပ်ထုတ်ဝေခြင်း၊ အထောက်အထားအခိုင်အမာရရှိစေရန် ပြုစုထားရှိခြင်း၊ သုတေသန စာတမ်းများ ဖတ်ကြားခြင်းစသည့် လုပ်ငန်းများပြုလုပ်ပေးခြင်း၊ စနစ်တကျ မှတ်တမ်း (Database) ပြုစုသိမ်းဆည်း ထားရှိ၍ ပြန်လည်အသုံးချနိုင်မှသာ ပညာရပ်တိုးတက်မှုရှိလာမှာဖြစ်ပါတယ်---

သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျာ/ရှင့်. .ယနေ့ ကမ္ဘာမှာ တိုင်းရင်းဆေးပညာရပ်ကို တွင်ကျယ်အောင်မြင်စွာ အသုံးခ ျနေသော နိုင်ငံများဖြစ်သည့် အိန္ဒိယ၊ တရုတ် နိုင်ငံတို့သည်လည်း ပညာရပ်ကို ပိုမိုခိုင်မာစေသည့် သုတေသနပြုအထောက်အထားများ ပြသနိုင် ခဲ့ခြင်းကြောင့် သာ ကမ္ဘာကအသိအမှတ်ပြု အောင်မြင်ခဲ့ကြခြင်းဖြစ်ပါတယ်။ ပညာရပ်တိုင်း တည်တံ့ ခိုင်မြဲပြီး တိုးတက်ဖွံ့ဖြိုးရေးအတွက် မဖြစ်မနေဆောင်ရွက်ရမည့် အချက်ကတော့ သုတေသနလုပ်ငန်းများ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ ပညာရပ်ဆိုင်ရာသုတေသနအတွက် စာပေ သုတေသန ဆောင်ရွက်ခြင်း၊ကုထုံးနည်းစနစ်များတိုးတက်ဖွံ့ဖြိုးရေးအတွက် ကုသမှုနည်းစနစ်များဆိုင်ရာ သုတေသနများဆောင်ရွက်ခြင်း စသည်တို့ကို ပြုလုပ် ပေးရမှာဖြစ်ပါတယ်။ သုတေသနလုပ်ငန်းဟာ တစ်ဦးတစ်ယောက်ဖြင့် ဆောင်ရွက်၍ရသော လုပ်ငန်းမဟုတ်သည်နှင့်အညီ တိုင်းရင်းဆေးပညာရှင်များ သာမက သက်ဆိုင်ရာဘာသာရပ်နယ်ပယ်အသီးသီးက ပညာရှင်တွေနဲ့ ဆက်နွယ် ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်းနှင့် နိုင်ငံတော်မှ ဘဏ္ဍာငွေဆိုင်ရာ ပံ့ပိုးနိုင်ရေး၊ ပစ္စည်း၊ နည်းပညာပံ့ပိုးနိုင်ရေးနှင့် ကျွမ်းကျင်သည့် တိုင်းရင်းဆေး သုတေသနပညာရှင်များ လေ့ကျင့်ပျိုးထောင် မွေးထုတ်ပေးနိုင်ပါရန် အဆိုပြု တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။